# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 10 , 2023 Volume 72, Number 8


၁၀.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၉၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၀.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com

### ပို့ကုန်လိုင်စင်ရရှိပြီး ကုန်ပစ္စည်းများအား စခန်းပြောင်းလဲတင်ပို့ခွင့်ပြုမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ကုန်ပစ္စည်းများကို မည်သည့်ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

မြန်မာ-တရုတ်ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသည့် အဆိုပါကုန်သွယ်ရေး စခန်းတို့၌ လုံခြုံရေးအခြေအနေများအရ ကုန်စည်တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ "လမ်းပိတ်တော့ ကုန်သွယ်မှုက လုံးဝရပ်တန့်နေတာပေါ့။ ကားမှသွားလို့မှမရတာ။ လောလောဆယ် အခြေအနေစောင့်ကြည့်ရမှာ။ သစ်သီးသမားတွေကတော့ နာတာပေါ့"ဟု ကုန်သွယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၌ လတ်တလောဖြစ်ပေါ်နေသည့်တိုက်ပွဲများကြောင့် ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရရှိထားသည့် ကုန်ပစ္စည်းများအား မြန်မာ-တရုတ်နယ်စပ်၊ မြန်မာ-ထိုင်းနယ်စပ်နှင့် အခြားမည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲ တင်ပို့ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့လိုပါကလည်း ကိစ္စရပ်တစ်ခုချင်းအပေါ် မူတည်၍ စိစစ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

Source: https://t.me/sdtimedaily

### မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥ၏ ၉၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥ၏ ၉၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ပြောသည်။ “ဝဥခြောက်ကို တရုတ်နိုင်ငံကို တင်ပို့ဖို့အတွက် GACC လျှောက်ထားနေတယ်။ ဝဥအစို၊ အအေးခဲကတော့ GACC လျှောက်ထားစရာမလိုဘူး” ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm



ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝဥကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကပါ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၇ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။ မြန်မာနိုင်ငံတွင် ဝဥကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"အမှန်ဆိုရင် ဝဥကပုံမှန်အားဖြင့် မြန်မာတစ်နိုင်ငံလုံးမှာ အလေ့ကျပေါက်ပါတယ်။ အဲဒါကို တူးပြီးရောင်းကြတာပေါ့။ အဲလိုရောင်းရင်းကနေမှ အိတ်စပို့ ပို့လို့ရတယ်ဆိုပြီး လွန်ခဲ့တဲ့ လေး၊ ငါး၊ ဆယ်နှစ်ကမှ စပြီးစိုက်လာကြတာပေါ့" ဟု အဆိုပါ တာဝန်ရှိသူက ဖြည့်စွက်ပြောကြားသည်။ မြန်မာနိုင်ငံ၌ ဝဥစိုက်ဧကပေါင်း ၁၃,၀၀၀ ကျော်ရှိပြီး ပြည်ပနိုင်ငံများတွင် ဝဥကုန်ကြမ်းသီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့်ခေတ်မီဆေးဝါးများကို ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

ဈေးကွက်အားဖြင့် မြန်မာနိုင်ငံမှထွက်ရှိသည့် ဝဥကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့်အိန္ဒိယနိုင်ငံများသို့ တင်ပို့နေရကြောင်းသိရသည်။ တရုတ်နိုင်ငံသို့ ဝဥများတင်ပို့ရောင်းချရာတွင် ဝဥအခြောက်နှင့် ဝဥအခြောက်ပြားပြုလုပ်၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခုဘဏ္ဍာနှစ်တွင်မူ ပင်ရင်းဒေသမှ ထွက်ရှိသည့် ဝဥများကို ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့၍ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်းသို့ တင်ပို့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**Source:** https://xinhuamyanmar.com

**Myantrade.gov.mm**

## မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ နိုဝင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၂၃ စီးထိရှိခဲ့



မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ နိုဝင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၂၃ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပြောပြ၍သိရသည်။ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ပြောင်းဆန်၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ကျောက်စရစ်စသည့် ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ် ၂၃ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ ဘိလပ်မြေ၊ ကျောက်စရစ်စတဲ့ကုန်စည်တွေကအများဆုံးဖြစ်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့်အခြားမြို့များသို့ နိုဝင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၁၅၇၇၅ ဒသမ ၅၈ တန်၊ ကျောက်မီးသွေးတန်ချိန် ၃၇၀၀၊ ပြောင်းဆန် ၂၂၂၂ ဒသမ ၂ တန်၊ ကျောက်စရစ်ကျင်းအရေအတွက်မှာ ကျင်း ၉၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ တင်ပို့ရမည့်ကုန်စည်များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကို သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန်လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကို တင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များအန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မန္တလေးဆိပ်ကမ်းမှသွားလာကြမည့် ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး၊ ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရမ်းဗြဲမြို့နယ်မှထွက်ရှိသည့် ကမာနှင့်ကျောက်ငါးများကို ရန်ကုန်တိုင်းဒေသကြီးသို့ အဓိကတင်ပို့လျက်ရှိ



ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်မှ ထွက်ရှိသည့် ကမာနှင့်ကျောက်ငါးများကို ရန်ကုန်တိုင်းဒေသကြီးသို့ အဓိကတင်ပို့လျက်ရှိကြောင်း ရမ်းဗြဲမြို့နယ် ကမာနှင့်ကျောက်ငါးမွေးမြူရေးပိုင်ရှင်တစ်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ ကမာနှင့်ကျောက်ငါးမွေးမြူရေးလုပ်ငန်းများကို ရမ်းဗြဲမြို့နယ်အတွင်းရှိ သဇင်တန်ပေါက်တံတားအနီး ချောင်းရေပြင်တွင် ဝါးဖောင်များဖြင့် စီးပွားဖြစ်မွေးမြူ နေကြခြင်းဖြစ်ပြီး ထွက်ရှိလာသည့် ပင်လယ်စာရေထွက်ကုန်များကို ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်များသို့ ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ကမာနဲ့ကျောက်ငါးမွေးမြူရေးလုပ်ငန်းကို ၂၀၁၈၊ ၂၀၁၉ ခုနှစ်လောက်ကစပြီးတော့ မွေးဖြစ်တာပါ။ အဓိကလုပ်ကိုင်နေတဲ့ ရေလုပ်ငန်းကတော့ ခြောက်မျိုးလောက်ရှိတယ်။ ဝယ်ရောင်းအနေနဲ့ ကျောက်ပုစွန်၊ ကင်းပုစွန်နဲ့ ကဏန်းပျော့ကို လုပ်ကိုင်ပါတယ်။ ကဏန်းပျော့ကိုတော့ ကိုယ့်ဆီမှာ ၄၅ ရက်မွေးမြူထားရတယ်။ ပြီးမှ ကျောက်ဖြူက အအေးခန်းစက်ရုံတွေကို သွားသွင်းပါတယ်။ ကမာနဲ့ကျောက်ငါးကို မွေးထားပြီးတော့ ရောင်းတမ်းဝင်အရွယ်ရောက်မှ ရန်ကုန်မြို့နဲ့ငပလီတို့မှာရှိတဲ့ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေနဲ့ ရေလုပ်ငန်းကုန်စည်ဒိုင်ဈေးကွက်တွေကို အဓိကထား ပို့ပါတယ်" ဟု ကမာနှင့်ကျောက်ငါးမွေးမြူရေးပိုင်ရှင် ဦးခင်မောင်အေးက ပြောပြသည်။

ကမာကောင်များမှာ ရောင်းတမ်းဝင် အရွယ်အစားတစ်ကောင်လျှင် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀၊ ကဏန်းပျော့မှာ တစ်ကီလို လျှင် ငွေကျပ် ၁၄၅၀၀၊ ကျောက်ပုစွန်နှင့် ကင်းပုစွန်ဆိုပါက တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀၀ ရှိပြီး ကျောက်ငါးဈေးမှာ တစ်ကီလိုတစ်ကောင်လျှင် ငွေကျပ် ၆၅၀၀၀ မှ ၇၀၀၀၀ ထိရှိကြောင်း သိရသည်။

Source: **ရတနာပုံသတင်းစာ**

## ထိုင်းကြက်ဥ ပြည်ပတင်ပို့မှုမြင့်တက် မြန်မာကြက်ဥ ဈေးသက်သာ

ထိုင်းနိုင်ငံ၏ ကြက်ဥတင်ပို့သည့်လုပ်ငန်းကဏ္ဍသည် မကြာသေးမီက စွမ်းဆောင်ရည်မြင့်တက်လာခဲ့သည် ဟု မွေးမြူရေးဌာန **Department of Livestock** က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ဥစားကြက်မ အကောင်ရေ ၅၂ ဒသမ ၃ သန်းရှိပြီး နေ့စဉ် ကြက်ဥ ၄၃ ဒသမ ၄ သန်းခန့် ထုတ်လုပ်သည်။ ပြည်တွင်းစားသုံးသည့် ပမာဏထက် ပိုလျှံနေသဖြင့် မွေးမြူရေးဌာနက ပြည်ပတင်ပို့ရေး မဟာဗျူဟာကို ခင်းကျင်းပါသည်။

ယခုနှစ် ပထမရှစ်လအတွင်း ဘတ် ၁ ဒသမ ၃၈ ဘီလီယံတန်ဖိုးရှိ ကြက်ဥ ၃၁၀ ဒသမ ၆၃ သန်း တင်ပို့နိုင်ခဲ့သည်။ ယမန်နှစ်ထက် အလုံးရေ ၁၀၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ဖိုး ၁၃၅ ဒသမ ၆၂ ရာခိုင်နှုန်း ပိုများခဲ့ပါသည်။ ယခုနှစ် အဝယ်အများဆုံး ထိပ်တန်း (၃)နိုင်ငံမှာ –




• စင်ကာပူ (၇၀ ရာခိုင်နှုန်း)
• ဟောင်ကောင် (၁၆ ရာခိုင်နှုန်း)
• ထိုင်ဝမ် (၈ ရာခိုင်နှုန်း) တို့ ဖြစ်ကြပါသည်။

ယခုနှစ် ကြက်ဥတစ်လုံး ပျမ်းမျှကုန်ကျစရိတ်မှာ ဒုတိယသုံးလပတ်တွင် ၃ ဒသမ ၇၂ ဘတ်ဖြစ်ပြီး တတိယသုံးလပတ်တွင် ၃ ဒသမ ၆၇ ဘတ်ဖြစ်ပါသည်။ ရေဖိုး မီးဖိုး၊ အစာဖိုးတို့ မြင့်တက်ခဲ့သည်။ ကာကွယ်ဆေးများနှင့် ရောဂါကာကွယ်ရေး စရိတ်စကများလည်း မြင့်တက်ခဲ့ပါသည်။

ယခုနှစ် စက်တင်ဘာလမှဒီဇင်ဘာလအထိ ကြက်ဥ ခန့်မှန်းခြေအားဖြင့် အလုံးရေ ၇၈ သန်း တင်ပို့နိုင်မည်ဟု လျာထားပါသည်။ အောက်တိုဘာလတွင် ၃၉ သန်း တင်ပို့ရန် လျာထားပါသည်။

ထိုင်းပြည်တွင်းဈေးကွက်တွင် မြန်မာမှတင်သွင်းသည့် ကြက်ဥများသည် တစ်လုံး ၂ ဘတ်ခွဲအထိ ဈေးသက်သာပါသည်။ ထိုင်းကြက်ဥမှာ တစ်လုံး ၄ ဘတ် ဖြစ်ပါသည်။

**Source: nationthailand**

## အင်ဒိုနီးရှားက နိုင်ငံလေးနိုင်ငံမှ ဆန်တန်ချိန်တစ်သန်းခွဲ ဝယ်ယူမည်

မြန်မာအပါအဝင် ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကို အင်ဒိုနီးရှားနိုင်ငံက ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသတင်းဌာနများ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ဆန်တင်သွင်းဝယ်ယူရန် စားသောက်ကုန်ဖြန့်ဖြူးရေးနှင့် ဈေးနှုန်းထိန်းချုပ်ရေးအဖွဲ့အစည်း Bulog မှ သက်ဆိုင်ရာနိုင်ငံများနှင့် တင်သွင်းခွင့်စာချုပ်များ ချုပ်ဆိုထားကြောင်း သိရသည်။

အင်ဒိုနီးရှားအနေဖြင့် ပြည်တွင်းလိုအပ်ချက်အရ ဆန်ဝယ်ယူတင်သွင်းခြင်းဖြစ်ပြီး လိုအပ်ပါက ဆန်တန်ချိန် ငါးသိန်းခန့် ထပ်မံတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုအနေဖြင့် ခုနှစ်လတာကာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၅၈ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဆန်အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဆန်နှင့်ဆန်ကွဲအား တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး နယ်စပ်နှင့်ပင်လယ်ရေကြောင်းမှ အာဆီယံအပါအဝင် အာရှဒေသတွင်းနိုင်ငံများနှင့် အာဖရိက၊ ဥရောပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** [https://t.me/sdtimedaily](https://t.me/sdtimedaily)

## ဟောင်ကောင်ဒေသ၏ စီးပွားရေးတိုးတက်မှု ၃ ရာခိုင်နှုန်းကျော်နိုင်မည်ဟု ဘဏ္ဍာရေးဝန်ကြီးပြောကြား

၂၀၂၃ ခုနှစ်တွင် ဟောင်ကောင်ဒေသ၏ စီးပွားရေးတိုးတက်မှု ၃ ရာခိုင်နှုန်းကျော်နိုင်မည်ဟု ခန့်မှန်းကြောင်း ဘဏ္ဍာရေးဝန်ကြီး Paul Chan က အင်္ဂါနေ့တွင်ပြောကြားခဲ့သည်ဟု rthk သတင်းဌာနမှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် “HK economy to grow more than 3 percent: Paul Chan” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

“ဒီတိုးတက်မှုဟာ မိမိတို့မျှော်မှန်းထားတာထက်နည်းပေမဲ့ ရေရှည်တိုးတက်မှုဖြစ်တယ်” ဟု ၎င်းကပြောကြားခဲ့ပါသည်။ ဟောင်ကောင်ဒေသအစိုးရအနေဖြင့် ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုကို ယခင်ခန့်မှန်းချက်ဖြစ်သည့် ၃ ဒသမ ၅ - ၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ - ၅ ရာခိုင်နှုန်းသို့ လွန်ခဲ့သော ၃ လက ပြောင်းလဲခန့်မှန်းခဲ့ပါသည်။

ကာလတို စီးပွားရေးတိုးတက်မှုအတွက် ခရီးသွားလုပ်ငန်း၊ တစ်ဦးချင်းသုံးစွဲမှုနှင့် ဝန်ဆောင်မှုများ တင်ပို့မှုအပေါ် မူတည်နေသော်လည်း ကာလလတ်အထိ တိုးတက်မှုကို အထောက်အပံ့ဖြစ်နိုင်သည့်တွန်းအားမှာ ဘဏ္ဍာရေးဝန်ဆောင်မှု

ကဏ္ဍနှင့် နည်းပညာဆန်းသစ်တီထွင်မှုဖြစ်သည်ဟု ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးခေါင်းဆောင်များ အစည်းအဝေးတွင် Chan က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

စီးပွားရေးလုပ်ငန်းများနှင့် အရည်အချင်းရှိသူများ ဟောင်ကောင်ဒေသသို့ လာရောက်စေရေး ဆွဲဆောင်နိုင်ရန်အတွက် အစိုးရအနေဖြင့် ဆန်းသစ်တီထွင်မှုနှင့်နည်းပညာကဏ္ဍအတွက် ဟောင်ကောင်ဒေါ်လာ ဘီလီယံ ၂၀၀ ထောက်ပံ့ပေးထားကြောင်း၊ လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းကြီး ၃၀ ကျော် ဟောင်ကောင်ဒေသသို့ ဝင်ရောက်လာမှုကြောင့် အလုပ်အကိုင် ၁၀,၀၀၀ ခန့် ဖန်တီးပေးနိုင်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ထို့ပြင် ဟောင်ကောင်ဒေသ၏ အရည်အချင်းရှိသူများ ဆွဲဆောင်ရေးအစီအစဉ်တွင် လျှောက်ထားသူစုစုပေါင်း ၁၈၀,၀၀၀ ရှိသည့်အနက် ၁၀၀,၀၀၀ ကို လက်ခံခဲ့သောကြောင့် ယခုအချိန်တွင် ဟောင်ကောင်ဒေသသို့ ကျွမ်းကျင်ပညာရှင် ၇၀,၀၀၀ ခန့် ရောက်ရှိနေပြီဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အစိုးရအနေဖြင့် မဟာပင်လယ်ကွေ့ဒေသတွင် ပါဝင်သောဒေသများနှင့် ပေါင်းစပ်ဆက်နွယ်မှု ခိုင်မာစေရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့်အခြေခံအဆောက်အဦတို့တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်စီစဉ်နေသည်ဟု Chan ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

## (၆) ကြိမ်မြောက် တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲကို တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့

ကမ္ဘာ့အကြီးဆုံးသွင်းကုန်ပြပွဲဖြစ်သည့် (၆) ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ (6th China International Import Expo-CIIE) ကို ရှန်ဟိုင်းမြို့၌ ၅-၁၁-၂၀၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်စည်ပြပွဲ၌ တစ်ကမ္ဘာလုံးမှ လုပ်ငန်းပေါင်း (၃၄၀၀) ကျော် ပါဝင်ပြသခဲ့ကြောင်း သိရှိရပါသည်။

အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ပေါင်း (၁၅၀၀) ခန့်တက်ရောက်သည့် ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ဝန်ကြီးချုပ် Li Qiang က တရုတ်နိုင်ငံတွင် စားသုံးသူများ၏ ဝယ်လိုအားနှင့် ဈေးကွက်ထပ်မံဖွင့်လှစ်ခြင်းသည် ရပ်တန့်နေသော ကမ္ဘာ့စီးပွားရေးအတွက် လိုအပ်နေသော တွန်းအားပေးမှုကို ဖြစ်ပေါ်စေနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် မူဝါဒများကိုဖြေလျှော့၍ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများထံမှ ကုန်ပစ္စည်းများ ပိုမိုဝယ်ယူကာ နိုင်ငံတကာကုမ္ပဏီများကို အခွင့်အလမ်းများ ပေးဆောင်သွားမည်ဟု Li က ကတိပြုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အလယ်အလတ်ဝင်ငွေရှိသော စားသုံးသူ သန်း (၄၀၀) သည် ကြီးမားသော ဝယ်နိုင်စွမ်းအားကို ကိုယ်စားပြုပြီး ဈေးကွက်ချဲ့ထွင်ရန် အလားအလာကောင်းများစွာရှိနေကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန်အတွက် အခြားသော စီးပွားရေးအင်အားကြီးနိုင်ငံများက တရုတ်နိုင်ငံနှင့်အတူတကွ ကြိုးပမ်းသင့်သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရသည်။

လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်သွင်းမှုစုစုပေါင်းသည် အမေရိကန်ဒေါ်လာ (၁၇) ထရီလီယံအထိရှိလာမည်ဟု မျှော်လင့်ကြောင်း၊ တရုတ်နိုင်ငံသည် ပိုမိုကြီးမားသော ဈေးကွက်အခွင့်အလမ်းများကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ပြီး ရှေ့ပြေးလွတ်လပ်သောကုန်သွယ်မှုဇုန်များနှင့် ဟိုင်နန်လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းကဲ့သို့သော ပို၍အဆင့်မြင့်မားသည့် ဈေးကွက်ဖွင့်လှစ်မှုလမ်းကြောင်းများကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် ဈေးကွက်ဝင်ရောက်မှုကို ချဲ့ထွင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ တရားဝင်အကျိုးစီးပွားကိုကာကွယ်ရန်အတွက် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက် ဆက်ဆံရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွင်ပါဝင်ရန် တရုတ်နိုင်ငံသည် အဆင်သင့် ရှိနေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

CIIE မှ အသစ်ထုတ်ပြန်လိုက်သော ကမ္ဘာ့ပွင့်လင်းမြင်သာမှုညွှန်းကိန်းအရ တရုတ်နိုင်ငံ၏ ပွင့်လင်းမှုအညွှန်းကိန်းသည် ၂၀၀၈ ခုနှစ်တွင် (၀.၆၇၈၉) မှ ၂၀၂၂ ခုနှစ်တွင် (၀.၇၅၁၇) သို့ မြင့်တက်လာသောကြောင့် အရည်အသွေးမြင့် ဈေးကွက်

ဖွင့်လှစ်မှုကို မြှင့်တင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုရရှိခဲ့ကြောင်း၊ တစ်ချိန်တည်း၌ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံအဆင့်သတ်မှတ်ချက်သည် တစ်ကမ္ဘာလုံးတွင် အဆင့် (၄၇) ရှိခဲ့ရာမှ အဆင့် (၄၀) သို့ ခုန်တက်သွားကြောင်းလည်း သိရှိရပါသည်။

(၆) ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲတွင် ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်း (၅၀၀) အနက်မှ စုစုပေါင်း (၂၈၉) ခု ပါဝင်ရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။ ပြပွဲ၌ ပြခန်းပေါင်း (၃,၄၀၀) ကျော်နှင့် လာရောက်လေ့လာသူ ဧည့်သည် (၄၁၀,၀၀၀) ကျော် တက်ရောက်ရန် စာရင်းသွင်းထားပြီး ကပ်ရောဂါမဖြစ်ပွားမီအဆင့်သို့ အပြည့်အဝ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

(၆) ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအား စီးပွားရေးအခွင့်အလမ်းများ ပံ့ပိုးပေးခြင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေခြင်းနှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများထံမှ ချီးကျူးစကားများ ရရှိခဲ့ကြောင်းလည်း သိရှိရပါသည်။

အဆိုပါကုန်စည်ပြပွဲသည် ကမ္ဘာ့တစ်ဝှမ်းရှိနိုင်ငံများနှင့် ကုန်သွယ်မှုဆက်ဆံရေး ဟန်ချက်ညီစေရန် တရုတ်နိုင်ငံ၏ ကတိကဝတ်ကို ပြသခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ၏ အထွေထွေအတွင်းရေးမှူး Rebeca Grynspan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကတိကဝတ်အတိုင်း ဈေးကွက်ဖွင့်လှစ်ခြင်းသည် ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားခြင်း (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းသာမက ယဉ်ကျေးမှုဖလှယ်ရန် စိတ်ကူးစိတ်သန်းသစ်များကိုပါ ဖြစ်ပေါ်စေကြောင်း သိရှိရပါသည်။

**Source:** https://finance.stockstar.com/IG2023110600022291.shtml

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## ယခုနှစ်တွင် ကမ္ဘာ့အရန်ဆန်ပမာဏ တိုးမြင့်လာဖွယ်ရှိဟု ကုလသမဂ္ဂအစီရင်ခံစာတစ်ခုကဖော်ပြ

ယခုနှစ်တွင် ကမ္ဘာ့အရန်ဆန်ပမာဏ တိုးမြင့်လာဖွယ်ရှိသည်ဟု ကုလသမဂ္ဂအစီရင်ခံစာတစ်ခုက ဖော်ပြထားသည်။ အကြောင်းမှာ အိန္ဒိယနိုင်ငံသည် ၎င်း၏ဆန်များကို ပြည်ပသို့ တင်ပို့ရောင်းချမှုလျှော့ချခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အာရှနိုင်ငံများမှ ဆန်တင်ပို့မှုမှာ တန်ချိန် ၅၅ ဒသမ ၄ သန်းရှိကာ လွန်ခဲ့သော ၅ နှစ်တာကာလကထက် ပျမ်းမျှ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း(Food and Agriculture Organization-FAO) က ၎င်း၏ တစ်နှစ်သုံးကြိမ်ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ကမ္ဘာ့အရန်ဆန်ပမာဏသည် ၂၀၂၃-၂၀၂၄ ခုနှစ်အကုန်တွင် တန်ချိန် ၁၉၈ ဒသမ ၉ သန်းရှိကာ ယခင်နှစ်ကာလတူကထက် ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်လာဖွယ်ရှိသည်ဟု FAO အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံသည် ဆန်လက်ကျန်များကို ပိုမိုစုဆောင်းထားကာ ပါကစ္စတန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စု တို့ကလည်း ၎င်းတို့၏ အရန်ဆန်ပမာဏကို တိုးမြှင့်သွားဖွယ်ရှိသည်ဟု အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ဆန်ထုတ်လုပ်မှုလျော့ကျဖွယ်ရှိပြီး စားနပ်ရိက္ခာဖူလုံမှုရှိရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစတင်ကာ ပြည်ပသို့ဆန်တင်ပို့မှုကို အဆင့်ဆင့်ပိတ်ပင်ခဲ့သည်။ ၎င်းအနေဖြင့် ဆန်တန်ချိန် ၁၁၂ သန်း ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသော်လည်း နောက်ဆုံးခန့်မှန်းချက်များအရ တန်ချိန် ၁၀၆ ဒသမ ၃၁ တန်သာ ထုတ်လုပ်နိုင်သေးကြောင်း သိရသည်။ ယင်းသို့ အိန္ဒိယမှ ဆန်တင်ပို့မှုပိတ်ပင်လိုက်သည့်အတွက် ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ဆန်ကို ပိုမိုတင်ပို့လာကြမည်ဖြစ်သည်။ အဆိုပါဆန်တင်ပို့မှုကြောင့် အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံတို့မှ လျော့ကျလာသော ဆန်တင်ပို့မှုပမာဏကို ကာမိစေမည်ဖြစ်သည်။

ထိုင်းနိုင်ငံမှ ဆန်ပိုမိုတိုးမြှင့်တင်ပို့လာမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ အောက်တိုဘာလတွင် ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သို့သော် လွန်ခဲ့သောနှစ်ကထက် ၂၄ ရာခိုင်နှုန်းမြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဆန်ကိုအစိုးရအချင်းချင်းအစီအစဉ်(G to G)ဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး စားနပ်ရိက္ခာ လိုအပ်ချက်ရှိသော နိုင်ငံ ၇ ခုသို့ ဆန်တန်ချိန် ၁ သန်းတင်ပို့ခွင့်ပြုခဲ့သည်။

ဩဂုတ်လ ပထမပတ်အတွင်း ထိုင်းနိုင်ငံ၏ ၅ မှတ်ဆန်ဈေးမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၆၁၂ မှ ၅၈၄ သို့ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ၂၅ မှတ်ဆန်မှာ ကန်ဒေါ်လာ ၆၀၅ မှ ၅၅၈ သို့ ၈ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့ကြောင်း သိရသည်။ ပေါင်းဆန်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၆၂၅ မှ ၅၈၄ သို့အသီးသီး ကျဆင်းခဲ့ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်းက ပြောကြားခဲ့သည်။ အိန္ဒိယပေါင်းဆန်ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၇၈-၄၈၂ ကြားရှိရာမှ ကန်ဒေါ်လာ ၄၉၈-၅၀၂ သို့မြင့်တက်ခဲ့သည်။ အိန္ဒိယကဲ့သို့ ဗီယက်နမ်ဆန်ဖြူဈေးမှာ မြင့်တက်ခဲ့သလို ပါကစ္စတန်နိုင်ငံသည် ထိုင်းဆန်ဈေးထက် ၁ တန်လျှင် ကန်ဒေါ်လာ ၂၀ မှ ၆၀ အထိ သိသိသာသာဈေးလျှော့ရောင်းချခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယမှဆန်တင်ပို့မှုပိတ်ပင်လိုက်သည့်အတွက် ဆန်ကို ပိုမိုတင်ပို့ရောင်းချနိုင်ရန် အခွင့်အလမ်းသာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ သို့သော် အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့မှဆန်များနှင့် ဈေးကွက်ယှဉ်ပြိုင်ရဖွယ်ရှိနေပါသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားနေကြရပြီး၊ ပြည်တွင်း၌ စားနပ်ရိက္ခာဖူလုံမှုရှိရန်ကိုသာ ဦးတည်ဆောင်ရွက်လာကြကြောင်းတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်ကိုပြည်တွင်းဖူလုံမှုရှိရန်နှင့် ပြည်ပတင်ပို့မှုကို သမမျှတစွာဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

ရည်ညွှန်းချက်။ The Hindu Businessline သတင်းဌာန၊ “4 nations to compensate for Indian rice export curbs, says FAO”၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်။

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

## STOCK EXCHANGE (10.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 564 (Shares) | 1,882,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +200 | +2.33% | 8,800 | 8,800 | 8,800 | 121 | 1,064,800 | 33,109,694 | 291,365 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 35 | 103,250 | 38,929,150 | 114,841 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 226 | 361,600 | 29,664,613 | 47,463 |
| TMH | 00005 | 2,550 | +100 | +4.08% | 2,550 | 2,550 | 2,550 | 1 | 2,550 | 12,823,224 | 32,699 |
| EFR | 00006 | 2,050 | +50 | +2.50% | 2,050 | 2,050 | 2,050 | 5 | 10,250 | 19,977,223 | 40,953 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 166 | 291,400 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Nov. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.49 | +5.12 | +1.39% | 368.40 | 372.59 | 368.40 | 564 | 1,882,850 | 8 | 702,586 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 10th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 564 (Shares) | 1,882,850 (MMK) |

## Main Board

As of 1:00 pm, 10th Nov. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 564 (Shares) | 1,882,850 (MMK) |

| MYANPIX | 372.49 ▲ 5.12 |
|---|---|
| Total Volume (shares) | 564 |
| Total Value (MMK) | 2 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,586 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 200 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 100 |
| EFR | 00006 | 2,050 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▼ 50 |